H ကလေးမွေးဖွားခြင်း၊ကလေးပြုစုပျိုးထောင်ခြင်း ထိပ်သို့

# 5 ကလေးပြုစုပျိုးထောင်ခြင်း

## (2) နေ့ကလေးထိန်း(ကျောင်း) ဝင်ခွင့်ရရန် လုပ်ဆောင်ပုံအဆင့်ဆင့်

အသိအမှတ်ပြုနေ့ကလေး ထိန်းဌာန (ကျောင်း)သို့ဝင်ရောက်ရန် မြို့နယ် သို့လျှောက်ထား လုပ်ကိုင်ရန်လိုအပ်သည်။

<table>
<tr><td rowspan="3">ဝင်ခွင့်<br>လျှောက်<br>ထားခြင်း</td><td colspan="3">တက်ရောက်လိုသောနေ့ကလေးထိန်းဌာနရှိသောမြို့နယ်ရုံး၏သက်ဆိုင်ရာဌာနတွင်လျှောက်ထားရန်လို<br>အပ်သည်။မြို့နယ်အလိုက်နေ့ကလေးထိန်းဌာန(ကျောင်း)စာရင်းကိုပြင်ဆင်ထားတတ်သောကြောင့်<br>နေ့ကလေးထိန်းဌာန(ကျောင်း)ရွေးချယ်ရာတွင်မှီငြမ်းအသုံးပြုနိုင်ပါသည်။တစ်ကျောင်းထက်ပို၍ဦးစားပေးကျောင်း<br>ကိုရေးသားလျှောက်ထားနိုင်သော မြို့နယ်များ လည်းရှိသည်။<br>တင်ပြရန်လိုအပ်သောစာရွက်စာတမ်းမှာမြို့နယ်အလိုက်ကွဲပြားခြားနားသည်။သာမာန်အားဖြင့်<br>လျှောက်လွှာ၊ကလေးအပါအဝင်မိသားစုအခြေအနေစစ်တမ်း၊ဝင်ငွေခွန်ကိုယ်စားပေးဆောင်ခြင်းမှတ်တမ်း(သို့)အခွန်ဆောင်ပြီး<br>ကြောင်းထောက်ခံစာ၊ မိသားစုတွင်းကလေးကြည့်ရှုစောင့်ရှောက်ရန်မဖြစ်နိုင်သောအကြောင်းအရာအထောက်အထား<br>များဖြစ်သည်။အမြဲလျှောက်လွှာလက်ခံသော်လည်း ၄လပိုင်းကျောင်းဖွင့်သည့်အခါ ကျောင်းထားချင်လျှင် လျှောက်လွှာလက်ခံသည့်<br>နောက်ဆုံးရက်ကိုသတ်မှတ် ထားသောမြို့နယ်များ လည်းရှိ သောကြောင့် သေချာစေရန်စုံစမ်းမေးမြန်းပါ။</td></tr>
<tr><th>လိုအပ်သောစာရွက်စာတမ်း</th><th>လျှောက်ထားရမည့်နေရာ/ စုံစမ်းရန် နေရာ</th><th>အချိန်ကာလ</th></tr>
<tr><td>(1) ဝင်ခွင့်လျှောက်လွှာ<br>(2)ကလေး၊မိသားစုနှင့်ပတ်သက်သောအကြောင်း အရာ<br>(3)ကလေးအားကြည့်ရှုစောင့်ရှောက်ရန်ခက်ခဲကြောင်း<br>အထောက်အထား(မိဘ၏အလုပ်လုပ်ကြောင်း<br>ထောက်ခံစာ)<br>(4)ဝင်ငွေခွန်ကိုယ်စားပေးဆောင်ခြင်းမှတ်တမ်း၊<br>ဂင်ငွေပမာဏအကြောင်းကြားစာမိတ္တူ၊<br>အခွန်ဆောင်ပြီးကြောင်းထောက်ခံစာ။<br>စသည့်</td><td>မြို့နယ် ရုံး</td><td>အချိန်မရွေး။သို့သော်လည်း<br>၄လပိုင်းကျောင်းစဖွင့်ချိန်<br>ကျောင်းထားလိုပါက<br>နောက်ဆုံးလျှောက်ထားရမည့်<br>ရက်အားသတ်မှတ်ထားခြင်းများ<br>ရှိသောကြောင့်သေချာစေရန်မေးမြန်းပ<br>ါ။</td></tr>
<tr><td>↓</td><td colspan="3"></td></tr>
<tr><td>စိစစ်ခြင်း</td><td colspan="3">ရက်ကွက်၊မြို့၊ရွာရုံးရှိသက်ဆိုင်ရာဌာန၌အိမ်တွင်ကလေးကြည့်ရှုစောင့်ရှောက်ရန်မဖြစ်နိုင် သောအကြောင်းကိုစဉ်းစားပြီး၊<br>ကြည့်ရှုစောင့်ရှောက်ရန်မဖြစ်နိုင်သောလိုအပ်ချက်မြင့်မားသောအစဉ်အတိုင်းစဉ်းစားရွေးချယ်မည်။(လျှောက်ထားသော<br>အစဉ်အတိုင်းမဟုတ်ပါ။)နေ့ကလေးထိန်းဌာန (ကျောင်း) တွင်လစ်လပ်သောနေရာပေါ်ပေါက်သောအခါဝင်ခွင့်ပြု<br>ရန်အတွက် အစည်းအဝေးပြုလုပ်၍ ဝင်ခွင့်ပေးမည့်သူအား သတ်မှတ်သည် ။</td></tr>
<tr><td>↓</td><td colspan="3"></td></tr>
<tr><td>ဝင်ခွင့်ရသောအခါ<br>အကြောင်းကြားခြင်း</td><td colspan="3">နေ့ကလေးထိန်းဌာန(ကျောင်း)ဝင်ခွင့်ရသောအခါတွင်အကြောင်းကြားမည်။(ဝင်ခွင့်မရခြင်းကိုအကြောင်း<br>မကြားသော မြို့နယ် များလည်းရှိသည်။)</td></tr>
<tr><td>↓</td><td colspan="3"></td></tr>
<tr><td>လူတွေ့မေးမြန်းခြင်း<br>နှင့်ဝင်ခွင့်သတ်မှတ်</td><td colspan="3">အကြောင်းကြားခြင်း ခံရပြီးနောက် ဝင်ရောက်မည့် နေ့ကလေး ထိန်းဌာန(ကျောင်း)<br>တွင်လူတွေ့မေးမြန်းခြင်း၊ရှင်းလင်းပြောပြခြင်းများရှိပြီး၊နေ့ကလေးထိန်းဌာန(ကျောင်း)အတွက်</td></tr>
</table>

| | |
|---|---|
| ခြင်း | ပြင်ဆင်ရမည်တို့အတွက်ရှင်းလင်းပြောပြခြင်းများကိုခံယူရမည်ဖြစ်သည်။ |
| ↓ | |
| နေ့ကလေးထိန်းဌာန (ကျောင်း)သို့ဝင်ရောက်ခြင်း | |

**(3) အသိအမှတ်ပြုမဟုတ်သောနေ့ကလေးထိန်းဌာန (ကျောင်း)**

အသိအမှတ်ပြုမဟုတ်သောနေ့ကလေးထိန်းဌာန(ကျောင်း)ဆိုသည်မှာ အကျယ်အဝန်း၊ ကလေးကြည့်ရှုစောင့်ရှောက်မည့်ဝန်ထမ်းအရေအတွက်အစရှိသည်ဖြင့်နိုင်ငံမှသတ်မှတ်ထားသောစံချိန်မပြည့်မီသောဌာနများဖြစ်ပြီး အုပ်ချုပ်စီမံမှု၊ အဆောက်အဦးများမှာဌာနအလိုက်လွန်စွာကွာခြားမှုရှိသည်။ ထိုအထဲတွင်မြို့နယ်ရုံး၏အထောက်အပံ့ကို ရယူ၍ အသိအမှတ်ပြု နေ့ကလေးထိန်းဌာန(ကျောင်း)နှင့်တူညီသည်ဟု သတ်မှတ်ခြင်းခံရသော ဌာနများလည်းရှိသည်။ ထူးခြားချက်မှာ အရွယ်အစားသေးငယ်၍ အများစုမှာအရွယ်ငယ်သောကလေးများအား ကြည့်ရှုစောင့်ရှောက်ပေးသောနေရာ များဖြစ်ခြင်းဖြစ်သည်။